# တိမ်စင်လရဲ့ တေးသံစဉ်

မုဒိတာလမင်း



ဇရာလား
ဝင်လာပစေ
ဖွင့်ထားတံခါး
အမုန်းမပွားနဲ့
အပြုံးနဲ့သာ
ကမ်းလင့်ကြို
နလုံးနဲ့သာ
ခွန်းဆင့်ဆို

တခါက ရင်းနှီးခင်မင်သူတစ်ဦးက မြန်မာပြည်ကနေ စာလှန်းရေးဖူးတယ်။ သူ့စာထဲမှာ "အသက်အရွယ်တွေကြီးရင့်လာပြီမို့ အစစအရာရာ အရင်လို သိပ်မကောင်းတော့ဘူး"လို့ သံဝေဂစကားကိုလည်း ထည့်ရေးထားပါတယ်။ အရွယ်ရလာတော့ ခန္ဓာကိုယ်က ပြလာတဲ့ ဇရာရဲ့သင်္ကေတတွေကို ရည်ညွှန်းပြီး ဒီလိုရေးတယ်ဆိုတာ နားလည်လိုက်ပါတယ်။ ဒါပေမယ့် ခင်မင်သူတွေမို့ တရားသံနဲ့ပြောလာသူကို အမြဲတမ်း တရားနဲ့ ပိုမိုနေဖြစ်အောင်လို့ သူ့ကိုပြန်လိုက်တဲ့စာထဲမှာ "အစစ အရင်လိုမကောင်းတော့ဘူးဆိုတာ ကိုယ်ပြုပြင်ဖန်တီးနိုင်မှုရဲ့ဟိုဖက်မှာ ရှိနေတဲ့ ရုပ်ခန္ဓာကိုယ်ရဲ့ မကောင်းခြင်းသာ ဖြစ်ပါစေ။ ကိုယ်ပြုပြင်ဖန်တီးနိုင်တဲ့ စိတ်ကိုတော့ အရင်ကထက် ပိုကောင်းအောင် နေလိုက်ပေါ့"လို့ သူ့ဆီကို စာပြန်ရေးလိုက်တယ်။ နောက်ပြီး ကဗျာမပီ စာမမည်တဲ့ အထက်က စာတိုလေးကိုလည်း အဆုံးမှာ ထည့်ရေးပေးလိုက်တယ်။

လွန်ခဲ့တဲ့သုံးနှစ်လောက်ကရေးခဲ့တဲ့ ဒီစာတိုလေးက ဒီညမှာ ပြန်သတိရလာတယ်။ သတိရလို့သာ ရခဲ့တာ။ တကယ်တော့ သတိရချိန်မှာ ကိုယ်က ဇရာအကြောင်း စဉ်းစားနေခဲ့တာ မဟုတ်သလို ဘဝအတွက် သံဝေဂဖြစ်ဖွယ်တစ်ခုခုကို နလုံးသွင်းနေချိန်လည်း မဟုတ်ပါဘူး။ တိတ်တိတ်ဆိတ်ဆိတ် ရှိနေတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ ငြိမ်ငြိမ်လေးဖြစ်နေတဲ့ ရေကန်တစ်ခုဘေးမှာထိုင်ပြီး လနှစ်စင်းရဲ့ အလင်းကို တစ်ယောက်တည်း တိုင်းတာနေမိတဲ့အချိန်ပါ။ ဒီတော့ တကယ်ဆို သံဝေဂ မပွားတဲ့အပြင် သံဝေဂ ပါးလျားလွန်းတဲ့အချိန်လို့တောင် ပြောရမှာပါ။

ဒီညဟာ တကယ်တော့ လပြည့်ညတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ပြည့်လုလု လက မြူတိမ်ကင်းတဲ့ ညမှာ ထိန်ထိန်သာနေလို့ ဝန်းကျင်တခွင်လုံး လင်းလို့။ ဟိုးခပ်ဝေးဝေး ကန်ဘောင်ပေါ်က သစ်ပင်တွေရဲ့ လက်

တံရှည်တွေကိုပင် ထင်ထင်ရှားရှား မြင်နေရတယ်။ ကိုင်းဖျားလေးတွေ သိမ့်သိမ့်လေး ယိမ်းနေပုံက ငြိမ့်ငြိမ့်လေး ကနေတဲ့ ကခြေသည်မတစ်ဦးရဲ့ လက်တံနယ်။ ကန်စပ်နံဘေး ခြုံနွယ်ပင်အချို့ရဲ့ သစ်ရွက်တွေပေါ်မှာတော့ လ အလင်းရဲ့ ရောင်ပြန်ကြောင့် ဖိတ်ဖိတ်တောက်လို့။ ညှ၊ လ၊ ရေ၊ လေတို့ရဲ့ အချိုးတကျ ပေါင်းစပ်မှု အလှပေါ်မှာ ခုလိုသစ်ရွက်တွေရဲ့ ရောင်ပြန်အလင်းကို ထပ်လောင်းအားဖြည့်လိုက်တော့ ပိုမိုပီပြင်တဲ့ အလှတစ်ခုဖြစ်လာ တော့တယ်ပေ့ါ။ ခြုံနွယ်ကြားကနေ စိုးစိုးစစ်စစ် မြည်သံပေးနေတဲ့ သတ္တဝါငယ်လေးရဲ့ အသံကလည်း တကယ့် သံစုံဂီတဝိုင်းတစ်ခုပမာ၊ ငြိမ့်ညောင်းညံ့စာ။ ညအလှကို ပိုမိုကြွရွစေသည့်နယ်သာပ။ ဒီလိုသာစွညမှာ ဘယ်မှာ လာ သံဝေဂဆိုတာလည်း ထင်လာပါ့မလဲလေ။

အပြင်မှာ လေနလေးက မွှမွှရရလေး တိုက်ခတ်နေပေမယ့် ကန်ဘောင်က အတန်ငယ်မြင့်သမို့ ကန်ရေပြင်ကို လေက ထိဟပ်ပုံ မရဘူးလေ။ ဒီတော့ လှိုင်းကင်းပြီး ကြည်လင်နေတဲ့ ရေပြင်မှာ ထင်နေတဲ့လက ကောင်း ကင်က ပကတိလနယ်။ သို့ပေမယ့်လည်း ရေနားစပ်တလျှောက်မှာ တလက်လက် ထင်ဟပ်နေတဲ့ လရဲ့အလင်း က ရေအနားကို ငွေနားကွပ်ထားသလိုဖြစ်နေလို့ ရေပြင်ထဲက လက ကောင်းကင်က လထက် ပိုပြီးလှပနေသ လို ဖြစ်နေတယ်။ အော် လတောင်မှပဲ အခြံအရံလေးနဲ့ဆိုတော့ ပိုလှသွားသလို ဖြစ်ရပြန်ပေ့ါ။

တောင်စဉ်တကြော လူနေအိမ်အချို့ဆီက မှုန်စစ မီးလုံးတွေနဲ့ ခပ်လှန်းလှန်းမှာမြင်နေရတဲ့ တင်းနစ်ကစားကွင်း တစ်ခုဆီက တောက်ပပ အလင်းကတော့ ညအလှကို သဘာဝ မကျစေသလိုဖြစ်နေတယ်လို့လည်း တွေးမိပါ တယ်။ အင်း ခက်တော့လည်း အခက်ပေ့ါလေ။ အလင်းမရသူတွေက အလင်းကို တမ်းတနေချိန်မှာ အလင်းစ တွေကြောင့် စိတ်အနှောက်အယှက်ဖြစ်သလို တွေးနေမိတာကိုက သဘာဝ မကျသလိုများ၊ မတရားသလိုများ ဖြစ်နေလေပြီလား မသိ။

လနစ်စင်းအလှကို နှိုင်းယှဉ်ကြည့်နေခိုက်မှာပဲ ကန်ရေပြင်က သိမ့်ကနဲ ဖြစ်သွားတယ်။ မရှေးမနှောင်းမှာပဲ မြင်ကွင်းထဲကို ဘဲငယ်တစ်ကောင်က ကူးခတ်ဝင်ရောက်လာလို့ ရေပြင်ထဲက လမင်းက မြင်ကွင်းကနေ ကွယ်ပျောက်သွားတယ်။ ကမ်းစပ်မှာထင်ဟပ်နေတဲ့ ငွေနားကွပ်လကတော့ ရေလှိုင်းကြောင့် တလက်လက် ထကာ ပိုမိုတောက်ပသွားခဲ့တယ်။ ဒီအချိန်လေးမှာပဲ ဇရာလား ဝင်လာပစေ ဖွင့်ထားတံခါး အမုန်းမပွားနဲ့ အပြုံး နဲ့သာ ကမ်းလင့်ကြို နှလုံးနဲ့သာ ခွန်းဆင့်ဆို ဆိုတဲ့ ခင်ရသူဆီ ရေးခဲ့ဘူးတဲ့စာလေးက အမှတ်မထင် ပြန်ပေါ် လာခဲ့တာ။ တကယ်လို့သာ ဒီစာတိုလေး ပြန်မပေါ်လာခဲ့ရင် ငြိမ်သက်နေတဲ့ ကန်ရေပြင်ကို လှုပ်ရမ်းသွား အောင် လုပ်ရပါ့မလားဆိုပြီး ဘဲလေးကို မဆီမဆိုင် စိတ်ဆိုးချင် ဆိုးနေမိမှာ။ ကန်ရေပြင်ကို လှုတ်ခတ်စေတဲ့ ဘဲလေးက ငြိမ်ဆိတ်နေတဲ့ ကိုယ့်စိတ်ကိုပါ လှုပ်ခတ်စေခဲ့ပြန်တယ်။ ဒီတော့လည်း စာတစ်ပုဒ်ရေးဖြစ်ဖို့ ဖန်တီး ပေးသလို ဖြစ်လာရပြန်ပါတယ်ပေ့ါ။

ပကတိငြိမ်သက်လွန်းတဲ့ ကန်ရေပြင်ဟာ ငြိမ့်ငြိမ့်လေးကူးခတ်လာတဲ့ ဘဲလေးတစ်ကောင်ကြောင့် လှိုင်းထ လှုပ်ရမ်းသွားခဲ့တယ်။ တကယ်လို့ အစကတည်းကသာ ကန်ရေပြင်က သိပ်ပြီးငြိမ်သက်နေတာမျိုး မဟုတ်လျှင် ဘဲလေးကူးခတ်လာတဲ့ အရှိန်မျှလောက်ကြောင့် ကန်ရေပြင် လှုပ်ခါရတယ်ဆိုတာမျိုးကို ဘယ်လိုသိနိုင်ပါ့မလဲ။ အငြိမ်သက်ဆုံးနေရာ၊ အငြိမ်းချမ်းဆုံးဌာနဆိုတာ နေပျော်ဖွယ် အကောင်းဆုံးပါပဲလေ။

အဖော်မလိုတဲ့ အပျော်ဆိုတာ ငြိမ်သက်ခြင်းကိုမှီတဲ့ ငြိမ်းချမ်းခြင်းကသာ ပေးနိုင်စွမ်းတာပါလေ။ ငြိမ်းချမ်းလှတဲ့ ဒီလိုအရပ်ဒေသမျိုးဆိုတာ တကယ်ကောရှိတာ ဟုတ်ရဲ့လားလို့ မေးလာရင်တော့လည်း မေးလာသူကို ရှိတာပေါ့လို့ဆိုတာကလွဲပြီး နားလည်အောင်ပြောလို့တော့လည်း ဘယ်မှာဖြစ်နိုင်ပါ့မလဲ။ ဒီနေရာမျိုးရောက်ဖူးသူဆိုရင်တော့လည်း ရှိကောရှိပါ့မလားရယ်လို့ မေးနေတော့မယ် မဟုတ်ဘူးပေါ့လေ။

အကြိမ်များစွာ၊ အချိန်များစွာ သိပ်ပြီးငြိမ်သက်တိတ်ဆိတ်လွန်းတဲ့အရပ်ဆီကို အကြိမ်ကြိမ်ရောက်ခဲ့ဘူးတယ်။ ဒီလိုအချိန်မျိုးမှာ မထင်မှတ်စွာ ရောက်လာတတ်တဲ့ သေးသေးမွှားမွှား သဘောမကျဖွယ်လေး၊ ပါးပါးလျလျ သဘောကျဖွယ်လေးတွေကြောင့် ငြိမ်သက်နေတဲ့ စိတ်အစဉ်လေး ဝုန်းဒိုင်းကနဲ လှိုင်းဂယက်ထန်သွားသလို ဖြစ်တတ်ခဲ့တာကို ပြန်သတိရမိတယ်။ ငြိမ်းချမ်းမှုဆိုတာ တန်ဖိုးသတ်မှတ်လို့ မရနိုင်တဲ့ အရာပါလားဆိုတာကိုလည်း ဒီအချိန်မျိုးမှာ ပိုပြီး ပီပီပြင်ပြင် နားလည်မိတယ်။ ဒါကြောင့် သေးသေးမွှားမွှား သဘောမကျဖွယ်လေးတွေ၊ ပါးပါးလျလျ သဘောကျဖွယ်လေးတွေကိုပင် ငြိမ်သက်နေတဲ့ စိတ်လွင်ပြင်ပေါ်ကို မကျရောက်လာဖို့ အကြိမ်များစွာ တောင့်တမိခဲ့ဘူးတယ်။ ဒါပေမယ့်လည်း တောင့်တမှုဆိုတာ တောင့်တတိုင်း ဖြစ်လာနိုင်မှုနဲ့ တခြားစီဆိုတာကိုလည်း ကောင်းကောင်းနားလည်မိပါတယ်။

တကယ်တော့ ငြိမ်သက်ခြင်းဆိုတာ ငြိမ်းချမ်းခြင်းရဲ့ ရှေ့ပြေးတမာန်ပဲ မဟုတ်လား။ နက်ရှိုင်းတဲ့ငြိမ်သက်ခြင်းနောက်မှာ ရောက်ရောက်လာတတ်တဲ့ အသိမ်မွေ့ဆုံးငြိမ်းချမ်းမှုဆိုတာက ဘယ်အရာနဲ့မှ လဲလှယ်အစားထိုးမရနိုင်မယ့် အရာတစ်ခုသာပါလေ။ ငြိမ်းချမ်းလွန်းတဲ့ နေရာလေးတစ်ခုအကြောင်းဆိုတာက ခုလိုပြန်လည်တွေးမိရုံမျှနဲ့ကိုပဲ ကြည်နူးဖွယ်အပြည့် ပေးစွမ်းနိုင်တတ်တာမျိုးပါ။

ကန်ရေပြင်ကိုလှုပ်ခါသွားတဲ့ ဘဲလေးကြောင့် သိမ့်သိမ့်လေးလှုပ်သွားတဲ့ စိတ်အစဉ်တစ်ခုကို ငြိမ်သက်သွားအောင် အမှတ်တရ ထိန်းချုပ်နိုင်လိုက်တယ်။ ဒါဟာ တကယ့်အဆုံးမဲ့ ငြိမ်းချမ်းအစစ် မဟုတ်ခဲ့တာတောင် မြတ်နိုးစရာ ငြိမ်သက်ခြင်းခဏတော့ ဖြစ်စေခဲ့တယ်။ ဒါတင်မက  စာမရေးဖြစ်တာကြာနေတဲ့ ကိုယ့်ကိုယ် ခုလို စာတစ်ပုဒ်ရေးဖြစ်အောင် တွန်းအားပေးသလိုဖြစ်ခဲ့တဲ့ ဘဲလေးကို ကျေးဇူးတင်နေမိတယ်။ နောက်ပြီးလည်း ကိုယ့်မြင်ကွင်းကို အလှပျက်ရုံ ဖန်တီးတဲ့ အရာလေးလောက်သာမက  အိုအောင်၊ နာအောင်၊ နောက်ဆုံးကုန်ကုန်ပြောရရင်ဖြင့် ဘဝသေအောင်ပင် ပြုလုပ်ကာ အလှဖျက်တတ်တဲ့ အရာပင် ဖြစ်ပစေဦးတော့၊ အမုန်းမပွားပဲ အပြုံးနဲ့သာ ကြိုဆိုလက်သင့်ခံနိုင်အောင် နေနိုင်ရမယ်လို့လည်း တဆက်တည်း တွေးမိပါတယ်။ ။